# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

**ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)**

**ကော့ဝန်းကျေးရွာ၊ ကမော့ကချူးကျေးရွာအုပ်စု**


လှိုင်းဘွဲ့မြို့နယ်၊ ကရင်ပြည်နယ်

၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | လှိုင်းဘွဲ့မြို့နယ် အခြေပြမြေပုံ........................................................................... | ၁ |
| ၂။ | ကျေးရွာသမိုင်းကြောင်း ........................................................................................ | ၂-၅ |
| ၃။ | လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် အကျဉ်းချုပ်ဇယား.......... | ၆ |
| ၄။ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောPRA tools တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ။ | |
| | (က) ကျေးရွာလူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ(Social Map)............................................. | ၇ |
| | (ခ) ရာသီခွင်ပြပြက္ခဒိန်(Seasonal Cleander)........................................................ .... | ၈ |
| | (ဂ) ဥစ္စာဓနကြွယ်ဝမှုပြဇယား (Wealth Ranking)........................................................ | ၉ |
| | (ဃ) ကျားမ ပင့်ကူအိမ်သုံးသပ်ခြင်း(Cob Web)........................................................... | ၁၀ |
| | (င) အရင်းအမြစ်အသုံးချမှုပုံစံပြဇယား(Asset Mapping).............................................. | ၁၁-၁၂ |
| | (စ) အဖွဲ့အစည်းချိတ်ဆက်မှုပြဇယား (Veen Diagram).............................................. | ၁၃-၁၄ |
| ၅။ | ကျေးရွာကော်မတီဝင်များစာရင်း။............................................................................ | ၁၅ |
| ၆။ | ကျေးရွာအချက်အလက်များ(PC 1)........................................................................... | ၁၆ |
| ၇။ | ကဏ္ဍအလိုက် ဦးစားပေးလုပ်ငန်းချုပ်ဇယား။............................................................... | ၁၇ |

# ၁။ လှိုင်းဘွဲ့မြို့နယ်အခြေပြမြေပုံ



## ၂။ ကျေးရွာသမိုင်းကြောင်း

ကရင်ပြည်နယ်၊လှိုင်းဘွဲ့မြို့နယ်၊ကမော့ကချူးကျေးရွာအုပ်စု၊ကော့ဝန်းကျေးရွာ
သမိုင်းအကျဉ်း

''ကော့ဝန်းရွာဟုခေါ်ဆိုရခြင်းအကြောင်း''

ကျွန်တော်တို့ကျေးရွာသည် ရွာ၏ဖြစ်တည်ရခြင်းသက်တမ်းမှာ လွန်ခဲ့သော နှစ်ပေါင်းနှစ်ရာကျော်ကာလမှယခု အချိန်ထိ ထည်ထည်ဝါဝါတည်ရှိနေပါသည်။ ကော့ဝန်းရွာဟုခေါ်ဆိုရခြင်းအကြောင်းမှာ ကုန်းမို့မို့–ကော့ကော့ဝန်းဝန်း ဖြစ်သည့်အတွက် ရှေးမီနောက်မီကျေးရွာ၏ဖိုးဖွားများပြောဆိုချက်အရ ''ကော့ဝန်းရွာ''ဟုခေါ်ဆိုရခြင်းဖြစ်ပါသည်။

''လက်မှုပညာမှစက်မှုပညာသို့''

ကျွန်တော်တို့ကျေးရွာသည် လွန်ခဲ့သောနှစ်ပေါင်းလေးဆယ်ကျော်ကာလတွင်စက်မှုပညာလုံးဝ မထွန်းကားသေးဘဲ လယ်သမား၊ကိုင်းသမားများ ကျွဲနွား၏ရုံးအား၊ကျွဲနွား၏အင်အားကိုသာ အားကိုးတကြီးနဲ့ စားဝတ်နေရေးဖူလုံရန်အတွက်လုပ်ကိုင်စားသောက်လေ့ရှိပါသည်။ ယခုအခါ ကော့ဝန်းရွာသည် စားဝတ်နေရေးဖူလုံရန်အတွက် ကျွဲနွားစသည့်တိရိစ္ဆာန်များ၏အင်အားကို အသုံးပြုခိုင်းစားသူများမရှိသလောက်နည်းပါးလာပြီး စားဝတ်နေရေးအတွက် ထွန်စက်များ၊ လက်တွန်းထွန်စက်များကိုသာ တစ်ရွာလုံးက အသုံးပြုနေကြပြီးဖြစ်ပါသည်။

''အစိုးရစာသင်ကျောင်းနှင့်ယခုလက်ရှိဆရာ/ဆရာမများဦးရေ''

ကျွန်တော်တို့ကျေးရွာသည် လွန်ခဲ့သောနှစ်ပေါင်းလေးဆယ်ခန့်က အစိုးရစာသင်ကျောင်းများလုံးဝမရှိသေးဘဲ ကမော့ကချူးကျေးရွာရှိ အစိုးရမူလတန်းကျောင်းကိုသာအားထားပြီး ကျောင်းသူ/ကျောင်းသားများစာသင်ကြားခဲ့ရပါသည်။(နောက်ပိုင်း ၁၃၃၇ခုနှစ်ကတည်းကတည်ဆောက်ခဲ့သော စာသင်ကျောင်းသည်အိုမင်းယိုယွင်းပျက်စီးပြီးယခုနောက်ပိုင်းကျောင်းအသစ်တည်ဆောက်ပြီး ၂၀၀၁ခုနှစ်တွင် မူလတန်းအဆင့်မှမူလတန်းလွန်ကျောင်းအဆင့်ထိ တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ယခုကော့ဝန်းလူလတန်းလွန်ကျောင်းသည် အတန်းအားဖြင့် KG အတန်းမှသဌမတန်းအထိရှိပြီး လက်ရှိသင်ကြားနေသည့်ဆရာ/ဆရာမဦးရေမှာ ရွာခံဆရာမ(၄)ဦး၊ ဧည့်သည်ဆရာမ(၈)ဦး၊စုစုပေါင်း(၁၂)ဦးရှိပါသည်။ ယခုလက်ရှိကော့ဝန်းမူလတန်းလွန်ကျောင်း၏ကျောင်းအုပ်မှာ ကော့ဝန်းရွာခံ ဆရာမဖြစ်ပါသည်။

''ကော့ဝန်းဘုန်းတော်ကြီးကျောင်းခုနှစ်သက္ကရာဇ်နှင့်ကျောင်းထိုင်ဆရာတော်များ''

ကော့ဝန်းဘုန်းတော်ကြီးကျောင်းကိုစတင်ထည်ထောင်သည့်ရက်စွဲမှာ ၁၂၈၈ခုနှစ်ကတည်းကဖြစ်ပြီးသစ်သားကျောင်းဖြစ်ပါသည်။ ကော့ဝန်းဘုန်းတော်ကြီးကျောင်း၏ပဓာနနာယကဆရာတော်မှာ''ဦးဝိသုဒ္ဓ''ဖြစ်ပြီး ဆရာတော်သည် သက်တော်(၈၆)နှစ်၊ဝါတော်(၆၆)ဝါအရောက်တွင် သစ်သားကျောင်း၌ပင် ဘဝနတ်ထံပျံလွန်တော်မူခဲ့ရပါသည်။ ဆရာတော်ကြီးပျံလွန်မှုပြီးနောက် ကော့ဝန်းရွာသား ဆရာတော်''ဦးပညာဝံသ''''စူဠဂန္ထဝါစကပဏ္ဍိတ''ကကော့ဝန်းကျောင်းတိုက်တွင် သာသနာ့တာဝန်ကို ဆက်လက်ထမ်းဆောင်ခဲ့ပါသည်။ ဆရာတော်ဦးပညာဝံသ လက်ထက်တွင် အခြေခံပညာမူလတန်းကျောင်းကိုဖွင့်လှစ်နိုင်ခဲ့ပြီး၊ ကော့ဝန်းလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာကိုလည်း တည်ထောင်ခဲ့ပါသည်။ ဆရာတော်သည် ယခုကော့ဝန်းကျောင်းတိုက်၏ နှစ်ထပ်တိုက်ကျောင်းကြီးကို ဦးစီးတည်ဆောက်ရင်းကျောင်းတော်ကြီးပြီးစီးခါနီးအချိန် သက်တော်(၇၁)နှစ်၊ဝါတော်(၅၁)ဝါအရတွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့ပါသည်။ ဆရာတော်ပျံလွန်တော်မူပြီးနောက်ပိုင်း ကော့ဝန်းရွာဇာတိဖြစ်သော ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊ခြောက်ထပ်ကြီးဘုရားကြီးတိုက်၊ ပြည်နယ်ကျက်သရေဆောင်ကျောင်းဆရာတော်''ဘဒ္ဒန္တ ဝေဒေဟာသာမိဘိဝံသ''''သာသနဓဇ၊ဓမ္မာစရိယ ဝိနယပါရဂူ၊BA''မှဦးဆောင်ပြီး ကော့ဝန်းကျေးရွာ၊တောင်ခြေရင်းကျေးရွာမှဒါယကာ၊ဒါယိကာမများနှင့်အတူ ကော့ဝန်းမူလတန်းလွန်ကျောင်း၏ (၉၀×၃၀)ပေတစ်ထပ်ကျောင်းဆောင်ကို တည်ဆောက်ပေးခဲ့ပါသည်။ကုန်ကျငွေမှာကျပ်– ၂၃,၂၁၄,၂၀၀ကျပ်(ကျပ်နှစ်ရာသုံးဆယ့်နှစ်သိန်း၊တစ်သောင်း၊လေးထောင်၊နှစ်ရာကျပ်တိတိဖြစ်ပါသည်။ ယခုနောက်ပိုင်း အထက်ရေပူဇာတိ ဆရာတော် ဦးဣန္ဒက ကော့ဝန်းကျောင်းတိုက်၏ဦးစီးပဓာနနာယကအဖြစ် သာသနာ့တာဝန်များ

ကိုဆက်လက်ထမ်းရွက်လျက်ရှိသည်မှာ ယနေ့တိုင်ပင်ဖြစ်ပါသည်။ဆရာတော်သည် ယနေ့အချိန်ထိဆိုလျှင် သုံးပါးမြောက်ဆရာတော်ဖြစ်ပါသည်။

ကျောင်း၏ပရဝုဏ်အတွင်း အရှေ့ဘက်ကိုက်(၁၀၀)အကွာတွင် ဇောမိညောင်ပင်နှင့် ရွှေရောင်တဝင်းဝင်း ဖြင့် သပ္ပါယ်ကြည်ညိုဖွယ်ကောင်းသောစေတီတစ်ဆူအားတည်ထားပြီး ၎င်းစေတီတော်အားဦးဆောင်တည်ခဲ့သူမှာ "အရှင်အဂ္ဂဝံသ" ယခုမြဝတီတောင်ကလေးအေးရိပ်သာကျောင်းခွဲဖြစ်ပါသည်။ အရှင်အဂ္ဂဝံသ ကော့ဝန်းကျေးရွာဇာတိဆရာတော်တစ်ပါးဖြစ်ပြီး ကျေးဇူးတော်ရှင်တောင်ကလေးဆရာတော်၏မိန့်မှာချက်၊လမ်းညွှန်ချက်များကို တသွေမတိမ်း လိုက်နာပြီး ကျေးရွာနှင့်ရွာဦးကျောင်းကိုအနစ်နာခံစွန့်လွှတ်ပြီး သာသနာတိုးတက်ပြန့်ပွားစေရန်ရည်ရွယ်ခြင်းအလို့ငှါ ယခုမြဝတီတောင်ကလေးအေးရိပ်သာကျောင်းခွဲတွင် ဦးစီးပဓာနနာယကဆရာတော်အဖြစ် သာသနာ့တာဝန်ကို ထမ်းရွက်နေပါသည်။

"ရွာသုံးရွာစုပေါင်းအလှူဒါနပြုတဲ့ဘုန်းတော်ကြီးကျောင်း"

ကျွန်တော်တို့ ကော့ဝန်းဘုန်းတော်ကြီးကျောင်းမှာ ရွာသုံးရွာစုပေါင်းအလှူဒါနပြုလုပ်ကြသော ဘုန်းတော်ကြီးကျောင်းဖြစ်ပြီး ၎င်းသုံးရွာမှာ တောင်ခြေရင်းရွာ၊ကော့ဝန်းရွာ၊ ကမော့ကချူးရွာတို့ဖြစ်ကြပါသည်။ ၎င်းတို့သုံးရွာသည် နှစ်စဉ်နှစ်တိုင်းကျင်းပမြဲဖြစ်သော စုပေါင်းမဟာဘုံကထိန်ပွဲ၊ စာပြန်ပွဲ၊ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲနှင့် ဂုဏ်ပြုပူဇော်ပွဲ စသည်ဖြင့် ရွာသုံးရွာအတူတကွ စုပေါင်းပြီး ရှေးယခင်မှစပြီးယနေ့တိုင်အောင်နှစ်စဉ်မပျက် ကျင်းပပြုလုပ်လေ့ရှိပါသည်။

"ရွာသုံးရွာအကွာအဝေး"

ကော့ဝန်းကျေးရွာသည် အလယ်ဗဟိုတွင်ရှိပြီး ကမော့ကချူးကျေးရွာနှင့် သုံးဖာလုံခန့်အကွာနှင့် တောင်ခြေရင်း ရွာနှင့် သုံးဖာလုံခန့်တွင် တည်ရှိပါသည်။ ယခုလက်ရှိကမော့ကချူးကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် ကော့ဝန်းကျေးရွ မှဖြစ်ပြီးဇာတိမှာ ပါတ်ကျောကျေးရွာဇာတိဖြစ်ပါသည်။ အုပ်ချုပ်ရေးမှူး၏အမည်မှာ ဦးစောထွန်းဝင်း ဖြစ်ပါသည်။ ယခုလက်ရှိ ကော့ဝန်းကျေးရွာ၏ရာအိမ်မှူးသည် ကော့ဝန်းရွာဇာတိဖြစ်ပြီး ၎င်း၏အမည်မှာ ဦးစောတောက်ထွန်းဖြစ်ပါသည်။

" သွပ်မိုးအိမ်နှင့်သစ်သားအိမ် "

ကျွန်တော်တို့ရွာသည် လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်ကျော်ကာလတွင် သွပ်မိုးအိမ်မရှိသလောက်နည်းပါးပြီး သစ်သားအိမ်လည်းမရှိသလောက်နည်းပါးခဲ့ပါသည်။

" ရွာအဝင်ဘေးမဲ့ရေကန် "

ကမော့ကချူးကျေးရွာဘက်မှ လာမည်ဆိုလျှင် ရွာအဝင်ကုန်းကမူကလေးမရောက်ခင် သန့်ရှင်းလှပစွာရှုမောဖွယ်ရာ ဘေးမဲ့ငါးကန်တစ်ကန်တူးဖော်ထားပြီး ထိုငါးကန်တွင် ငါးများစုံလင်စွာမွေးမြူထားသည့်အတွက် ရွာသူရွာသားများသည် နှစ်စဉ်နှစ်တိုင်း အတာသင်္ကြန်အတက်နေ့ကဲ့သို့ နေ့ကြီး၊ရက်ကြီး၊ရက်မြတ်အခါသမယတွင် စုပေါင်းတရားနာခြင်း၊ စုပေါင်းငါးလွှတ်ခြင်း၊ ကာလသား/ကာလသမီးများက အိုးစည်၊ဒိုးပတ်သံတညံညံ၊ သီချင်းသံတစီစီဖြင့် ရွာသူရွာသားများက ဝမ်းမြောက်ဝမ်းသာစုပေါင်းငါးလွှတ်သောနေ့ ပျော်ရွှင်မဆုံးသောနေ့၊ အထူးကုသိုလ်ယူတဲ့နေ့ဖြစ်ပြီး ညပိုင်းတွင် အဖွဲ့ပေါင်းများစွာ သင်္ကြန်အကများဖြင့် ကပြဖျော်ဖြေခြင်း၊ အဖွဲ့ပေါင်းများစွာ သီချင်းသီဆိုဟစ်ကြွေးခြင်း၊ တစ်ဦးချင်းအလိုက်ကပြဖျော်ဖြေခြင်း၊ လူငယ်များကလည်း ရောက်ရှိလာသော ဧည့်ပရိသတ်များကို သင်္ကြန်အကများ၊ပြဇာတ်များဖြင့် (၄)ညတိုင်တိုင် ပျော်ရွှင်စွာဖြင့် ရေပက်ဖျန်းကာ ကြည်နူးပျော်ပါးရေကစားကြပါသည်။ ထိုနေ့ကြီးရက်ကြီးများတွင် ဘုန်းတော်ကြီးကျောင်းတိုက်တွင်လည်း ဆင်းတုတော်များ၊ ရဟန်း၊သံဃာများအား စုပေါင်းရေသပ္ပါယ်ခြင်း၊ ရဟန်း၊သံဃာများအား စုပေါင်းကန်တော့ခြင်းစသည်ဖြင့် ထိုနေ့အခါသမယတွင် ကုသိုလ်အများဆုံးယူသောနေ့ အပျော်

## ၂။ ကျေးရွာသမိုင်းကြောင်း အဆက်



ဆုံးနေ့ မေ့မရနိုင်သောနေ့ဟု ရွာသူရွာသားများက ပြောဆိုသတ်မှတ်ကြပါသည်။

ကော့ဝန်းရွာဦး ဘေးမဲ့ငါးကန်ကို ဦးဆောင်တူးဖော်သူမှာ ကွယ်လွန်သွားပြီဖြစ်သော အဖိုးနယ်လုံးရွှေနှင့် ရွာသူရွာသားများက ကိုယ်ထူကိုယ်ထတူးဖော်ပြီး ခရစ်သက္ကရာဇ်အားဖြင့် ၁၃၉၀ပြည့်နှစ်ဖြစ်ပါသည်။

"ဗောဓိညောင်ပင်စိုက်ပျိုးသူ"

ကျွန်တော်တို့ရွာရှိ ဘုန်းတော်ကြီးကျောင်းတွင် ကျောင်း၏ပရဝုဏ်အတွင်းအရှေ့ဘက်ကျောင်းနှင့်ကိုက်တစ်ရာကျော်အကွာတွင် အဖိုးနယ်လုံးရွှေ(ကွယ်လွန်)နှင့်ကော့ဝန်းကျောင်းဆရာတော် ဦးဝိသုဒ္ဓ(ပျံလွန်)တို့သည် ဗောဓိပင်ကို ပျိုးထောင်စိုက်ပျိုးခဲ့ကြသည့်အတွက် နှစ်စဉ်နှစ်တိုင်း ကဆုန်လပြည့်နေ့ရောက်တိုင်း ရွာသုံးရွာနှင့်နီးစပ်ရာ ရွာသူရွာသားများနှင့်တကွ စုပေါင်းညောင်ရေသွန်းပွဲကို နံနက်ပိုင်းတွင်ကျင်းပပြုလုပ်ပြီး နေ့လည်ပိုင်းတွင် စာအောင်ရဟန်းသံဃာများ၊ဘွဲ့ရဆရာတော်ကြီးများအား ဂုဏ်ပြုပူဇော်ပွဲကို ကုသိုလ်ယူကျင်းပပြုလုပ်လျှက်ရှိပါသည်။

" နယ်မြေ "

ကျွန်တော်တို့ရွာသည် လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်/လေးဆယ်ကျော်အချိန်ကဆိုလျှင် နယ်မြေအေးချမ်းသာယာမှုလုံးဝမရှိတော့ဘဲ ကျေးရွာလူထုများအနေဖြင့် အစိုးရစစ်တပ်ကိုလည်းကြောက်ရ၊ ကရင်စစ်သားကိုလည်းကြောက်ရသည့်အချိန်ဖြစ်သည်နှင့်အညီ ကောင်းကောင်းမစား/ကောင်းကောင်းမအိပ်ရဘဲ ယောကျာ်း၊မိန်းကလေးပါမကျန် အစိုးရစစ်တပ်ဘက်တွေ့တဲ့သူမှန်သမျှပေါ်တာထမ်းခိုင်းပြီး ပေါ်တာကြောင့် သေတဲ့လူ၊ အသက်ပေးတဲ့လူမရေမတွက်နိုင်တဲ့အချိန်အခါသမယမို့ ကျွန်တော်တို့ကရင်ပြည်နယ်ကို အဖြူရောင်နယ်မြေမဟုတ်သေးဘဲ၊ အမဲရောင်နယ်မြေအဖြစ်သတ်မှတ်ထားသည့်အချိန်ဖြစ်ပါသည်။ ထိုအချိန်ကာလတွင် လမ်းတံတားများ၊ စာသင်ကျောင်းများ၊ အဆောက်အဦးများ၊ အိမ်များစသည်ဖြင့် နယ်မြေမအေးချမ်းသည့်အတွက် အစိုးရက အသပ်ပြုပြင်တည်ဆောက်ခြင်းလုံးဝမရှိဘဲ ရွာသူရွာသားများအနေဖြင့် စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြင့် အသက်မွေးကြရသည့်အချိန်ပင်ဖြစ်ပါသည်။အဲဒီအချိန်တုံးက ကျွန်တော်တို့ကျေးရွာလူထုများအားလုံး အသက်ရှင်လျှက် ငရဲကျနေသောအချိန်ဟု ခံစားရပါသည်။ ယခုဆိုလျှင် ထိုအချိန်များလိုမဟုတ်တော့ပြီ၊ ရွာသူရွာသားများအနေဖြင့် ယခင်ကကဲ့သို့မကြောက်ရတော့ဘဲ အေးချမ်းသာယာစွာဖြင့် လူတိုင်းလွတ်လပ်စွာပြောဆိုလုပ်ကိုင် စားသောက်နိုင်ပြီဖြစ်ပါသည်။ ယခုနောက်ပိုင်းတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နယ်မြေမအေးချမ်းသေးသော်လည်း အရင်ကနှင့်စာလျှင် အတော်လေး အေးချမ်းလာပြီဟုဆိုရမည်ဖြစ်ပါသည်။ နယ်မြေအေးချမ်းလာသည်နှင့်အမျှ ရွာသူရွာသားများအနေဖြင့် ကိုယ်ထူကိုယ်ထအစိုးရစာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများ၊ လမ်းတံတားများကို စုပေါင်းညီညာတည်ဆောက်ပြုပြင်ကြသည့်အတွက်ကြောင့် ကောင်းမွန်တိုးတက်လာသည်ကို တွေမြင်ရပါသည်။

" မီးလင်းပြီ "

ကျွန်တော်တို့ရွာသည် လွန်ခဲ့သော ၂၀၁၇ခုနှစ်တွင် နိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်ဖြင့် မီးသွယ်တန်းပေးသည့်အတွက် တစ်ရွာလုံး မီးလင်းလာပြီဖြစ်ပါသည်။

" ကရင်စာပေနှင့်ယဉ်ကျေးမှု "

ကျွန်တော်တို့ကျေးရွာသည် နှစ်စဉ်နှစ်တိုင်း မိုးရာသီကုန်ပြီးဆိုလျှင် ကိုယ့်အမျိုးသားစာပေနှင့်ယဉ်ကျေးမှုများ မတိမ်ကော၊မပပျောက်စေရေးအတွက် လက်ဆင့်ကမ်းဖော်ထုတ်သင်ကြားပေးလျှက်ရှိရာ လူငယ်ကာလသားကာလသမီးများအနေဖြင့် စုပေါင်းညီညာစွာ သင်ယူလျှက်ရှိကြပါသည်

" ဓမ္မစကူးလ်ဖွင့်လှစ်သင်ကြားခြင်း "

အနာဂါတ်ကလေးငယ်များ လိမ္မာရေးခြားရှိစေရန်ရည်ရွယ်လျှက် ကော့ဝန်းကျေးရွာ၊ရွာခံဆရာမ-

## ၂။ ကျေးရွာသမိုင်းကြောင်း အဆက်



မှ ကိုယ်ကျိုးမငဲ့ဘဲ သဒ္ဓါကြည်ဖြူစွာထားပြီး တစ်ပါတ်လျှင် နှစ်ရက်(စနေနှင့်တနင်္ဂနွေ)ကျောင်းပိတ်ရက်များတွင် စာသင်ကျောင်းရှိဆရာ/ဆရာမများနှင့်တကွ သင်ကြားပို့ချပေးလျှက်ရှိပါသည်။

" မူကြိုကျောင်း "

ကျွန်တော်တို့ကျေးရွာတွင် မူလတန်းကြိုကျောင်းတစ်ကျောင်းရှိပါသည်။ ထိုမူလတန်းကြိုကျောင်းတွင် နှစ်စဉ်ကလေး၃၀ဦးရေအားဖြင့် လေးဆယ်ခန့် ရှိပြီး ဆရာမလေးဦးရှိပါသည်။ ထိုမူလတန်းကြိုကျောင်းကို ၂၀၀၇ ခုနှစ်တွင် စတင်ဖွင့်လှစ်သင်ကြားခဲ့သည်မှာ ယနေ့တိုင်ပင်ဖြစ်ပါသည်။

" ကျေးရွာနှင့်ကျန်းမာရေး "

ကျွန်တော်တို့ရွာတွင် ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် အတော်အသင့်ပြည့်စုံသည်ဟုပြောနိုင်ပါသည်။ ကျန်းမာရေးဆရာမများအနေဖြင့် သူနာပြုဆရာမနှစ်ဦး၊ အရန်သွားဖွား ဆရာမနှစ်ဦး၊ ငှက်ဖျားရောဂါတိုက်ဖျက်ရေးဆရာမတစ်ဦးနှင့် အခြေခံကျန်းမာရေးလုပ်သားတစ်ဦးတို့ရှိပါသည်။

" ကျေးရွာ၏လိုအပ်ချက်များ "

၁။ ကျွန်တော်တို့ကျေးရွာတွင် ရွာလယ်ဇရပ်သို့မဟုတ်အစည်းအဝေးခန်းမဆောင်တစ်ခုရှိပါသည်။ ထိုခန်းမဆောင်သည် အိုမင်းယိုယွင်းပြီးခိုင်ခန့်မှုမရှိတော့သဖြင့် ပြိုလဲတော့မည့်အနေအထားသို့ရောက်ရှိနေပါသည်။ ထို့ကြောင့် အသစ်ပြန်လည်တည်ဆောက်ရန် လိုအပ်နေပါသည်။

၂။ ကျွန်တော်တို့ကျေးရွာရှိ မူလတန်းကြိုကျောင်းသည် အိုမင်းယိုယွင်းနေပြီဖြစ်သောကြောင့် အသစ်ပြန်လည်တည်ဆောက်ရန် လိုအပ်နေပါသည်။

၃။ ကျွန်တော်တို့ရွာသည် မိုးဦးကျလျှင် လယ်သမားများ လယ်ထဲသို့အလွယ်တကူဆင်းနိုင်ရန်အတွက် လယ်ထဲမရောက်ခင် ချောင်းရေလျှံမှုနှင့်ကြုံကြိုက်၍ လယ်ထဲဆင်းရန် အခက်ကြုံနေရပါသည်။ သို့ပါ၍ လယ်သမားများကိုလည်း ဦးစားပေးရန် လိုအပ်သည့်အတွက် လယ်သမားများစိတ်ချမ်းသာ၍ ဘေးကင်းစွာဖြင့်လယ်ထဲသို့အလွယ်တကူဆင်းနိုင်ရန် လယ်ထဲဖြတ်တံတားငယ်လေးတစ်စင်း တည်ဆောက်ခင်းပေးရန် လိုအပ်နေပါသည်။

## ၃။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် အကျဉ်းချုပ်ဇယား။


| စဉ် | အသုံးပြုခဲ့သော PRA tools များ | ဦးတည်အုပ်စုများ | အစည်းအဝေး | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|
| | | | ကျား | မ | |
| ၁ | ကျေးရွာအရင်းအမြစ်ပြမြေပုံ (Social Map) | ရပ်မိရပ်ဖ၊ကော်မတီဝင်များ၊ ကျေးရွာလူထုများအားလုံး။ | ၁၄ | ၂၅ | အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေ၊ လယ်ယာမြေများ၊ကျေးရွာရှိသဘာဝအရင်းအမြစ်များ။ |
| ၂ | ရာသီခွင်ပြပြက္ခဒိန်(Seasonal Cleander) | ကော်မတီဝင်များ၊အမျိုးသား/ အမျိုးသမီး၊ဆင်းရဲနွမ်းပါးသူများ။ | ၂၅ | ၂၅ | စိုက်ပျိုးရိတ်သိမ်းကာလ(တောင်ယာ၊လယ်ယာ)၊စီးပွားရေး၊ဝင်ငွေရရှိမှု၊ပွဲတော်ချိန်၊ရာသီဥတု၊ကျန်းမာရေးဆိုင်ရာရေရရှိမှု။ |
| ၃ | ဥစ္စာဓနကြွယ်ဝမှုပြဇယား (Wealth Ranking) | ချမ်းသာ၊အလယ်အလတ်၊နွမ်းပါးစသောအုပ်စုများ | ၂၅ | ၂၅ | ကျေးရွာလူမှုစီးပွားရေးအခြေအနေကိုခွဲခြားသတ်မှတ်နိုင်ရေးအတွက်အခြေခံစံနှုန်းများသတ်မှတ်ရန် လူထုအားလုံးသဘောတူသတ်မှတ်ခြင်း။ |
| ၄ | ကျား၊မ ပင့်ကူအိမ်သုံးသပ်ခြင်း (Cob Web) | ကျေးရွာရှိအမျိုးသားနှင့်အမျိုးသမီး များ | ၄၉ | ၆၅ | အမျိုးသားနှင့်အမျိုးသမီးများတန်းတူအခွင့်အရေးရရှိမှုနှင့်မရရှိသည့်အကြောင်း အရင်းများကိုဖော်ထုတ်ဆွေးနွေးခြင်း။ |
| ၅ | အရင်းအမြစ်အသုံးချမှုပုံစံပြဇယား(Asset Mapping) | ကျေးရွာလူထုအားလုံး။ | ၂၀ | ၃၀ | ကျေးရွာရှိသဘာဝအရင်းအမြစ်များနှင့်လူမှုဆိုင်ရာအရင်း အမြစ်များအားမည်သူကအသုံးပြုပြီးမည်သူကထိန်းချုပ်ထားရှိခြင်း |
| ၆ | အဖွဲ့အစည်းချိတ်ဆက်မှုပြဇယား (Veen Diagram) | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ကျေးရွာဖွံ့ဖြိုးရေးလုပ်ဆောင်နေသည့်အဖွဲ့၊ကျေးရွာလူထု | ၂၅ | ၂၅ | ကျေးရွာအတွင်းရှိအဖွဲ့အစည်းများနှင့်မည်သို့သောလုပ်ငန်းများအတွက်မည်သည့်အဖွဲ့များနှင့်ချိတ် ဆက်လုပ်ကိုင်ဆောင်ရွက်မှုရှိခြင်း။ |
| ၇ | ကျေးရွာအခြေခံအချက်အလက် (PC 1) | အမျိုးသား၊အမျိုးသမီးနှင့်ကျေးရွာလူထုအားလုံး | ၉ | ၇ | အိမ်ခြေ၊လူဦးရေ၊လူမျိုး၊ဘာသာစသောကျေးရွာ အခြေခံအချက်အလက်များဖော်ထုတ်ခြင်း။ |
| ၈ | အခက်အခဲများ၊မျှော်မှန်းချက်များ၊ကျေးရွာဖွံ့ဖြိုးရေးဦး စားပေးလုပ်ငန်းများဖော် ထုတ်ခြင်း။ (PC 3) | အမျိုးသား၊အမျိုးသမီးနှင့်ကျေးရွာလူထုအားလုံး | ၅၃ | ၅၀ | ကျေးရွာတွင်းရင်ဆိုင်နေရသောအခက်အခဲများ၊ ကျေးရွာလူထု၏ မျှော်မှန်းချက်များ၊ကျေးရွာဖွံ့ဖြိုးရေးအတွက်ဦးစားပေးလုပ်ငန်း များဖော်ထုတ်နိုင်ရန်။ |

## ၄။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောPRA tools တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ။

### (က) ကျေးရွာလူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ(Social Map)




### ကျေးရွာလူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံဆန်းစစ်ချက်နှင့်ဆွေးနွေးချက်များ



လူမှုရေးအရင်းအမြစ်ပြမြေပုံ


ဆွေးနွေးချက်နှင့်ဆန်းစစ်ခြင်း

- လယ်ယာနှင့် ကိုင်းစိုက်ခြင်းဖြင့် အသက်မွေးဝမ်းကြောင်း ပြုပါသည်။
- သောက်သုံးရေ လုံလောက်မှု အိမ်တိုင်းနီးပါး ရေတွင်း ရှိပါသည်။
- တစ်ရွာလုံး ဗုဒ္ဓဘာသာ ကိုးကွယ်ကြပါသည်။
- ရွာတွင်း အသားလုံး တစ်ဦးတစ်ညွတ် နေထိုင်ကြပါသည်။
- လွန်ခဲ့သော (၅) နှစ်အတွင်း၌ ကိုယ်ထူကိုယ်ထ လျှပ်စစ်မီး ရရှိခဲ့ပါသည်။


△ လမ်းများ ပိုမိုကောင်းမွန်ရန် လိုအပ်ပါသည်။

△ ရွာတွင်း ဇရပ်ပြန်လည်တည်ဆောက်ရန် လိုအပ်ပါသည်။


## (၁) ရာသီခွင်ပြပြက္ခဒိန်(Seasonal Cleander)




## ရာသီခွင်ပြပြက္ခဒိန် ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း




## (ဂ) ဥစ္စာနေကြွယ်ဝမှုပြဇယား (Wealth Ranking)





## ဥစ္စာနေကြွယ်ဝမှုပြဇယားဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း




## (ဃ) ကျားမ ပင့်ကူအိမ်သုံးသပ်ခြင်း(Cob Web)




## ကျားမ ပင့်ကူအိမ်သုံးသပ်ခြင်း ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း




## (င) အရင်းအမြစ်အသုံးချမှုပုံစံပြဇယား(Asset Mapping)








## အရင်းအမြစ်အသုံးချမှုပုံစံပြဇယား ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း



## (စ) အဖအစည်းချိတ်ဆက်မှုပြဇယား (Veen Diagram)






ကျေးရွာနှင့် ချိတ်ဆက်နေသော အဖွဲ့အစည်းများ

ပူးပေါင်းပါဝင်သူ - ၂၀ ဦး

ဆန်းစစ်ခြင်း

(၁) အုပ်ချုပ်ရေးမှူး အဖွဲ့သည် ကျေးရွာဖွံ့ဖြိုးရေး ကိုအဓိက ဦးဆောင်သည်။

(၂) ဂေါပက၊ လူငယ်အဖွဲ့၊ အိုးသူကြီးအဖွဲ့၊ သာရေး နာရေး၊ အမျိုးသမီးအဖွဲ့၊ ဆိုင်းအဖွဲ့ တို့သည် မသာရေး နာရေး ကို အဓိက ကူညီသည်။

(၃) မီးလင်းရေး အဖွဲ့ ကလည်း နှင်းတို့ အဖွဲ့ များပါဝင်သည်။

(၃) ကျောင်းကော်မတီ၊ ကျန်းမာရေး၊ ကျန်းမာရေး အဖွဲ့ သည် ပညာရေးနှင့် ပတ်သက် ဆောင်ရွက် သည်။

(၄) အုပ်ချုပ်ရေးသည် ကျေးရွာ ဖွံ့ဖြိုးရေး အတွက် မြို့နယ် အုပ်ချုပ်ရေးမှူးရုံးနှင့် ကျေးရွာလူကြီးများနှင့် ချိတ်ဆက်ညှိ ဆောင်ရွက်သည်။ (ဥပမာ - လမ်း၊ မီး၊ ဆောက်လုပ်ရေး)

## ၅။ ကော့ဝန်းကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်း(VDP)ကော်မတီစာရင်း

| စဉ် | အမည် | ရာထူး | မှတ်ပုံတင်အမှတ် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ဒေါ်နန်းဝင်းလှိုင် | ဥက္ကဌ | ၃/လဘန(နိုင်)၀၃၄၈၄၈ | ၀၉-၄၄၁၇၂၈၉၅၉ | |
| ၂ | ဦးစောတောက်ထွန်း | အတွင်းရေးမှူး | ၃/လဘန(နိုင်)၁၀၄၆၈၂ | | |
| ၃ | ဦးစောဝါးဘောင်း | အဖွဲ့ဝင် | ၃/လဘန(နိုင်)၀၄၂၁၈၇ | | |
| ၄ | ဒေါ်နန်းချစ်သန်း | အဖွဲ့ဝင် | ၃/လဘန(နိုင်)၁၁၅၃၃၇ | | |
| ၅ | ဦးစောထူးစေး | အဖွဲ့ဝင် | ၃/လဘန(နိုင်)၀၃၇၉၃၉ | | |
| ၆ | ဒေါ်နန်းမူတလောက် | အဖွဲ့ဝင် | ၃/လဘန(နိုင်)၀၀၀၂၁၇ | | |
| ၇ | ဦးခိုင်သိန်းထွန်း | အဖွဲ့ဝင် | ၃/လဘန(နိုင်)၁၁၃၃၉၄ | | |
| ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ဝယ်ယူရေးကော်မတီအဖွဲ့ | | | | | |
| ၁ | ဦးမောင်စိုးဝင်း | ဥက္ကဌ | ၃/လဘန(နိုင်)၀၄၂၁၈၇ | | |
| ၂ | ဒေါ်နန်းချစ်သန်း | ဘဏ္ဍာရေးမှူး | ၃/လဘန(နိုင်)၁၁၅၃၃၇ | | |
| ၃ | ဒေါ်နန်းမူတလောက် | စာရင်းကိုင် | ၃/လဘန(နိုင်)၀၀၀၂၁၇ | | |

## ၆။ ကျေးရွာအချက်အလက်များ(PC 1)

### ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| |
|---|
| လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာ ခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေးမြန်းရ ပုံစံ၌ ဖြည့်စွက်ရမည်။ ဤအချက်အလက်များကို စီမံကိန်း မိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက် များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။ |

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦး [illegible] | 09-763412757 | ဒေါ် [illegible] |

| ပြည်နယ်/တိုင်းဒေသကြီး ကချင် | မြို့နယ် [illegible] | ကျေးရွာအုပ်စု [illegible] | ကျေးရွာ [illegible] |
|---|---|---|---|

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စု အရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စု အရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ကချင် | 203 | ဘာသာ (၁) [illegible] | 207 |
| လူမျိုးစု (၂) ဗမာ | 4 | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ----------- | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | 9 | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | 95 | | |
| စစ်ဘေးရှောင် | – | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁)---ကချင် | 599 | 650 |
| လူမျိုးစု (၂)---ဗမာ | 13 | 14 |
| လူမျိုးစု (၃)---------- | 612 | 664 |
| အခြား | | |
| အိမ်ထောင်ဦးစီး | 170 | 37 |

1276

## ၇။ ကဏ္ဍအလိုက် ဦးစားပေးလုပ်ငန်းချုပ်ဇယား

| ကဏ္ဍ/ ကဏ္ဍခွဲ | စီမံချက် | | အတိုင်းအတာ | ဦးစားပေး အဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|---|
| ရေပေးရေး | ၁ | အဝီစိတွင်း တူးဖော်ခြင်းနှင့် Stree Structure ရေစင် တည်ဆောက်ခြင်း | ၄"DIA PVC 200' | ၁ | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ထောက်ပံ့သည့် VDP ရန်ပုံငွေဖြင့် ကျေးရွာကော်မတီမှ ဦးစီး၍ ကျေးရွာသူ/သားများ ကိုယ်တိုင်အကောင်အထည်ဖော်ဆောင်ရွက် သွားပါမည်။ | vdpရန်ပုံငွေဖြင့် ဆောင်ရွက်သွားပါမည်။ |
| အခြား | ၂ | ကျောင်းအိမ်သာတည် ဆောက်ခြင်း(၂)ခန်းတွဲ | ၉' x ၅' x ၈' | ၂ | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေနှင့်ဆောင်ရွက်နိုင်ရေးဘဏ္ဍာရေးနှစ် အလိုက် ဆောင်ရွက်နိုင်ရေး တောင်းခံသွား မည်ဖြစ်ပါသည်။ | |
| ပညာရေး | ၃ | ကျောင်းဝင်းအတွင်း ကွန်ကရစ်လမ်းခင်းခြင်း | ၄၀'x၁၂'x၆" | ၃ | သက်ဆိုင်ရာဦးစီးဌာနများနှင့် ချိတ်ဆက်ပြီး ကျေးရွာ၏ ပူးပေါင်းမှုနှင့်အတူ ဆောင်ရွက် သွားပါမည်။ | |
| လမ်း | ၄ | ကျေးရွာအတွင်း ကွန်ကရစ် လမ်းခင်းခြင်း | (0/3)ဖာလုံ | ၄ | သက်ဆိုင်ရာဦးစီးဌာနများနှင့် ချိတ်ဆက်ပြီး ကျေးရွာ၏ ပူးပေါင်းမှုနှင့်အတူ ဆောင်ရွက် သွားပါမည်။ | |
| ရေပေးရေး | ၅ | ကျေးရွာတွင်း ရေပိုက်လိုင်း သွယ်တန်းခြင်း | (၂၀၀၀)ပေ | ၅ | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေနှင့်ဆောင်ရွက်နိုင်ရေးဘဏ္ဍာရေးနှစ် အလိုက် ဆောင်ရွက်နိုင်ရေး တောင်းခံသွား မည်ဖြစ်ပါသည်။ | |

လှိုင်းဘွဲ့မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန